၂၅-ပြား

၁-၅၃

ဂုဏ်ဝင်း-ရေးသည်

# ဘဝသုံးထွေ



ကျေးတောနေတို့၏ဘဝကြေးမုံ

# ဘဝသုံးထွေ

ဂုဏ်ဝင်း ရေးသည်

ဝန်ကြီးပဒေသရာဇာ၏ စာပေသစ်

ပန်းချီသရုပ်ဖော် — ဦးကျော်ဦး

စာပေဗိမာန်ထုတ် ပြည်သူ့လက်စွဲ စာစဉ်

ဟေသာ ယုမွန်



"မိုးဦးကာလ၊ ချောင်းကျပြီဆိုလျှင်၊ ပန်းလောင်ကြောမှာ၊ ပိန်းကော လှေငယ်ရှင်၊ တောင်ဖက်တခွင်၊ ထွက်ဝင်ဖောက်ကား၊ ပွဲပါမည့်သူ၊ မပါလူ၊ ထိုးသူ တယောက်သားငယ်နှင့်လေး"

မိုးဦးကျလေပြီ။ ပန်းလောင်မြစ်လည်း ရေဖွေးလျှက်ရှိလေပြီ။ လွန်းပြေသည် သူ၏ ပိန်းကော လှေကလေးတွင် ကုန်များအပြည့် တင်၍ ထွက်ခဲ့သည်။

သူတွင် အဖော်မပါ။ သူလှေကို သူပင် လှော်သည်။ သူပင် ခတ်သည်။ သူပင် ပဲ့သည်။ ဤအထဲမှ ရွာတရွာသို့ ရောက်တိုင်း ရောက်တိုင်း လှေတွင်ပါသော ကုန်များကို ကိုယ်တိုင် ချိန်တွယ်၍ ရောင်းချလိုက်ရသေးသည်။

"အင်း- ဒီတမိုး ကြိုးစားပြီး ရောင်းလိုက်ရယင် ဆောင်းအဝင်မှာ မယ်သစ်ကလေးကို တောင်းရမ်းပြီး ယူနိုင်တော့မယ်" ဟု လွန်းပြေသည် တွေး၍ ဝမ်းသာနေလေ၏။



လွန်းပြေ၏ ပိန်းကော့ကလေးသည် အိုလှလေပြီ။ မပြင်ဆင်၊ မဖာထေးရသည်မှာ အတော်ကြာပြီ။ လှေပေါင်းမိုးသည် ခိုင်လုံလှသည်မဟုတ်။ နှီးသားဖြင့် ရက်လုပ်၍ ကွမ်းပေါင်ခက်၊ နဘူးခက်တို့ဖြင့် ဖုံးအုပ်ကာ မိုးထားသော ပေါင်းမိုး ဖြစ်သည်။

ထိုအတူ သူ့ကိုယ်တွင်လည်း ခေါင်း၌ ဆောင်းထားသော ဝါးဖတ် ခမောက်တလုံးသာလျှင် ရှိသည်။

"အင်း- နောက်တမိုးကျယင်တော့ ငါ့လှေကလေးကို ပြင်ဆင်နိုင်ကောင်းပါရဲ့" ဟု တိုးတိုးပြောဆိုကာ လွန်းပြေသည် ထိုးဝါးကို ပခုံးဘယ်ညာတွင် ထောက်၍ ခြေဖြင့် ကျောက်ကန်ကာ လှေကို ရှေ့သို့တွန်းထိုးလိုက်လေသည်။



နေလည်း အတော်မြင့်လေပြီ။ လွန်းပြေ၏ တကိုယ်လုံးတွင် ချွေးများ ဒီးဒီး ယိုစီး၍ ကျနေသည်။ လွန်းပြေသည် ဝမ်းထဲက ဆာလောင်၍လာ၏။သို့သော် ထမင်းအိုးကား မနပ်နိုင်သေးချေ။ အမြှုပ်တစီစီဖြစ်နေသည်။ စဖိုမှာလည်း ထမင်းအိုးဝေ၍ကျသော ကြောင့် ညစ်ပတ်ပေကျံ၍ နေသည်။ မီးများလည်း ငြိမ်းသေကာ မီးခိုးတအူအူဖြင့် ရှိနေသည်။

"ခါးတောင်းကျိုက်လုံး၊ ပခုံးခဲထွေ၊ ချွေးကလည်းစီး၊ စီးစီး ကျသည့်ရေ၊စဖိုမှာပေ၊ ချက်လေထမင်း၊ မနပ်နိုင်ပြီ၊ တစီစီ၊ နန်းနီ မီးအိုးခင်းငယ်နှင့်လေး"


လွန်းပြေသည် မကျက်နိုင်သော ထမင်းအိုးကို ငေးတွေ၍ ကြည့်နေယင်းက လယ်သူမကလေး မယ်သစ်ကို လွန်စွာ သတိရနေ မိလေ၏။



မယ်သစ်သည် ချောင်းကောက်ရွာက လယ်သူမကလေးဖြစ်သည်။ သူ့မိဖများသည် ချောင်းကောက်ရွာတွင် ထန်းတောတခုကို ပတ္တာခံ၍ ထန်းအလုပ် လုပ်ကြသူများ ဖြစ်သည်။ သူ့ကို တနှစ်မိုးဦးကျက ချောင်းကောက် ရွာဆိပ်တွင်လွှန်းပြေ သိကျွမ်း ခင်မင်ခဲ့ခြင်း ဖြစ်သည်။

ထိုအခါက လွှန်းပြေ သည် မနပ်နိုင်သော ထမင်းအိုး အတွက် မီးမှုတ်လိုက်၊ ထမင်းအိုးကို ယောက်မဖြင့် မွှေလိုက်ဖြင့် ဗျာများလျက်ရှိသည်။ ထိုစဉ်တွင် ကောက်စိုက်က ပြန်လာသော မယ်သစ်သည် ရေဆိပ်သို့ ဆင်း၍ ရေချိုးသည်။ လွှန်းပြေ၏ ဖြစ်အင်ကို မြင်ရသောအခါ လွှန်းပြေအား မယ်သစ် သနား၍ သွားသည်။

ထို့ကြောင့် ထမင်းအိုးကို နပ်သည် ကျက်သည် အထိ မယ်သစ်က ပြင်ဆင်၍ ချက်ပေးလေသည်။ ဤမှစ၍ လွှန်းပြေသည် မယ်သစ်နှင့် သိကျွမ်း ခင်မင်ခဲ့ခြင်း ဖြစ်လေသည်။



လွန်းပြေသည် လှေကို ကမ်းစပ်တနေရာတွင် ထိုးဆိုက်လိုက်၏။ ထို့နောက် အိုးထဲမှ ထမင်းကို ကြေးလင်ပန်းထဲသို့ ခူးထည့်လိုက်သည်။ ပြီးသော် သူသည် ထမင်းတဆုပ်ကို လက်ဖြင့် ဆုပ်လိုက်၏။ လွန်းပြေသည် ထိုထမင်းဆုပ်ကို "လမိုင်းနတ်" ခေါ် လယ်စောင့်နတ်အား ပူဇော် ပသ လေသည်။

ဤအမှုကား မစားမသောက်ခင် လွန်းပြေ နေ့တိုင်း ပြုနေကျ အမှုဖြစ်သည်။

ထို့နောက် လွန်းပြေသည် လှေအနီးအပါးမှ သူလိုလှေသမား အပေါင်း အဖော်တို့ကို ထမင်းစား ခေါ်သည်။ သူ့ထမင်းပွဲတွင် စလောင်းတချပ်နှင့် ကင်ထားသော ငါးပိလည်း ပါသည်။ ဟင်းရွက်တို့စရာများလည်းပါသည်။ အငွေ့တထောင်းထောင်းထလျက် ရှိသော ချဉ်ပေါင်ဟင်းလည်း ပါလေသည်။

"တယောက်ချင်း၊ ထမင်းခူးသော်၊ တဆုပ်ကနေ့တိုင်း၊ လမိုင်းရှိပူဇော်၊ သွေးသောက်ကယ်ခေါ်၊ အဖော်ပေါင်းညှို၊ ငုံကာငုံကာ၊ ဝပ်၍သာ၊ ဆုပ်ကာလွေးလိုက်ဘိသည်နှင့်လေး"



အချိန်သည် လေးနှစ် လေးမိုး ကုန်ဆုံးသွားသည်။

ယခုအခါ လွန်းပြေသည် သားနှင့် မယားနှင့် ဖြစ်နေလေပြီ။ သူသည် ပန်းလောင်မြစ်တကြောမှာ ပိန်းကော လှေကလေးဖြင့် မိုးဦးကျတိုင်း ကုန်ရောင်းလည်း မသွားတော့ပြီ။

သူသည် သူ့မယား မယ်သစ်၏ တိုက်တွန်းချက်အရ ချောင်းကောက်ရွာတွင် လယ်လုပ်သည်။

ဆင်းရဲခြင်း အတူတူ မိုးဦးကျတိုင်းကျတိုင်း ပိန်းကောကလေးဖြင့် ကုန်ရောင်းထွက်ရသည်ထက် လယ်ကွက် တခွင်တွင် ထွန်ရေးငင်ရသည့် အလုပ်ကို လွန်းပြေက ပိုမို၍ နှစ်သက်မိသည်။ အကြောင်းကား သူသည် သား မယားများနှင့် အတူ ပျော်ပျော်ပါးပါး လုပ်ကိုင်ရသောကြောင့် ဖြစ်လေသည်။

"ဝသန်ကာလ၊ မိုးကျတည့်လျှင်၊ ပျော်ပျော်ပါးပါး၊ မယားနှင့် ဆွေငယ်လင်၊ လက်တွဲခြေငင်၊ ကိုယ်တွင်အဝတ်၊ ပုဆိုးအင်္ကျီ၊ စုတ်ပဲ့ပြီ၊ ချည်နီဗောင်း တွတ်တွတ်ကယ်နှင့်လေး"



မိုးကား တစိမ့်စိမ့် ရွာနေ၏။

လွန်းပြေသည် သားအငယ် တောက်တဲ့ကို ပွေ့ချီ၍ လယ်ကွင်းထဲသို့ ဆင်းလာသည်။ သူ့သားအငယ်သည် သူ့အား ဘယ်သွားသွား ကပ်၍ လိုက်ပါတတ်ခြင်းကြောင့် လွန်းပြေက တောက်တဲ့ဟု အမည်ပေးထား၏။

သို့သော် သူ့သား တောက်တဲ့သည် မိုးကိုမကြောက်၊ လေကိုမကြောက်၊ မိုးခြိမ်းသံကိုလည်း မကြောက်၊ သူလယ်ထွန် ဆင်းရာသို့ အမြဲလိုက်ပါကာ တုတ်တချောင်းဖြင့် နွားမောင်းလေ့ရှိသည်။

လွန်းပြေသည် မဲမှောင်နေသောကောင်းကင်ဆီသို့ မော်ကြည့်လိုက်ပြီးလျှင် ပါးစောင်တွင် ခဲထားသော ဆေးတံကြီးကို အားရပါးရ ရှိုက်ဖွာလိုက်လေသည်။



ချောင်းကောက်ရှာ ကွင်းစပ်တွင် ဟင်းစားပင်များ အလွန်ပေါသည်။ ဖားပေါင်စင်းများလည်း ရိုက်ယူ၍မှ မကုန်ပါချေ။

အချိန်ကား မှောင်စပြုစ၏။ မယ်သစ်သည် ပလိုင်း တခုကိုလွယ်၍ သားကြီး ပေါက်ကျော်နှင့် အတူ ကွင်းစပ်သို့ ထွက်လာသည်။

ပေါက်ကျော်သည် လက်တဖက်တွင် တတောင်သာသာရှည်သော ဝါးရင်းတုတ်တချောင်းကို ကိုင်ထား၏။ အခြားလက်တဖက်တွင်ကား မီးအုပ်ဆောင်းတခုကို ဆွဲလာသည်။

မယ်သစ်သည် ကွင်းစပ်သို့ရောက်၍ ကစွန်းပင်၊ ဆူးပုပ်ပင်၊ ကြံ့ဟင်းပင်၊ ကြွက်နပေါင်းပင်များကို တွေ့သောအခါ ဟင်းရွက်ဟင်းညွန့်များကို ခူး၍ ပလိုင်းထဲသို့ထည့်သည်။ ပေါက်ကျော်ကား ရာသီအလိုက် ညအချိန်မှ ရေစပ်တွင် မြူးတူးပျော်ပါးကြကုန်သော ဖားပေါင်စင်းများကို "ဟောတကောင်၊ ဟောတကောင်" ဟု ပါးစပ်မှ အော်ကာ တုတ်ဖြင့် တဖုတ်ဖုတ်ရိုက်၍ ပလိုင်းထဲသို့ ကောက်ထည့်နေလေသည်။



မကြာမီပင် မယ်သစ်တို့ သားအမိ တဲအိမ်သို့ ပြန်ရောက်လာကြ၏။


လွန်းပြေတို့ သားအဖကား ဆာလောင်စွာဖြင့် တဲဝမှ စောင့်မျှော်နေကြလေသည်။

"အဖေရေ- ဖားတွေ ရခဲ့တယ်" ဟု ပေါက်ကျော်က လှမ်းအော်လိုက်၏။

"အေး- ကောင်းသဟ" ဟု သူ့အဖေက ပြန်ဆိုလိုက်သည်။

မယ်သစ်၏ မိဖနှစ်ပါးက ထမင်းကို ချက်ထားနှင့်ကြသည်။ ငပိရေအိုးကို ကျိုထားနှင့်ကြသည်။ထမင်းတအိုးကျက်ခန့် အကြာတွင် လွန်းပြေတို့ တတွေသည် ထမင်းပူပူ ဟင်းပူပူကို မြိန်ယှက်စွာ စားသောက်ကြလေ၏။

"အလုပ်ကယ် ရှောသာ၊ ငှံ့ကာ လွေးတော့သည်။
သားမြေးငယ် မာချာ၊ ဘယ်ညာ ထွေးတော့သည်"



ဆောင်းအကုန် နွေအကူး လေရူးလည်း တသုန်သုန် တိုက်ခတ်လျက်ရှိ၏။

သစ်ပင်များထက်ဝယ် ရွက်ခြောက် ရွက်ဝါတို့သည် မြေသို့ကြွေကျစ ပြုကုန်၏။

နံနက်စောစော အချိန်များ၌ မြူများလည်း ဝေတတ်သည်။

နေ့လယ်ချိန်များတွင်ကား လှည်းလမ်းကြောင်းဆီ၌ ဖုံများတထောင်းထောင်း ထတတ်လေသည်။

လယ်ကွင်းဆီ၌လည်း ရိုးပြတ်များသာလျှင် ထိုးထိုးထောင်ထောင် ကျန်ရှိတော့သည်။

ချောင်းကောက် ရွာထိပ်တွင်ရှိသော ထန်းတောညိုညိုကားအုပ်အုပ်ဆိုင်းဆိုင်းနှင့် ဝေဆာလှပါဘိတော့သည်။



မယ်သစ်၏ အဖေ ဦးအိုသည် ရင်းထောင် ရင်းဆွဲ တို့ကိုရင်း၊ ထန်းရည်ခံ အိုးကိုရင်း၊ ထား နှိုးကိုရင်း၊ ကလိုင်ကိုရင်း၊ သယ်ဆောင်၍ ထန်းတောဆီသို့ ထွက်သွား၏။

ဦးအိုသည် ထန်းတက်သော အလုပ်ကို လုပ်သည်။ ရွာထိပ်ရှိ အပင် နှစ်ဆယ်ခန့်ရှိသော ထန်းတောတခုကို သူသည် ပတ္တာခံယူထား၏။

ထို့နောက် ထန်းတောသို့ ရောက်သောအခါ ဦးအိုသည် ကလိုင်ကို လွယ်၍ ထန်းပင် တပင်ပေါ် သို့ တက်သွားလေ၏။

"နွေဦးကာလ၊ ပြုထသောအခါ၊ ရင်းထောင် ရင်းဆွဲ၊ ဆောင်မြဲ အိုးလွယ်ကာ၊ ထားနှိုးထက်စွာ၊ ခါးမှာချပ်လျက်၊ ထန်းပွင့်ထန်းခိုင်၊ ရှန်းပြိုင်ပြိုင်၊ ကလိုင်လွယ်၍ တက်သည်နှင့်လေး"



ဦးအိုသည် အပင်ပေါ်တွင် ခံထားသောအိုးကို ဖြုတ်ယူသည်။ ထန်းနို့ကို စင်အောင် ခုတ်ထစ်သည်။ ထို့နောက် အိုးလွတ်တလုံးဖြင့် ခံထားလိုက်ပြီးလျှင် ထန်းရည်အိုးကိုသယ်၍ အပင်အောက်သို့ ပြန်ဆင်းလာသည်။ ထိုအိုးကို သူသည် ပင်ခြေရင်း၌ ချထားခဲ့ပြီးလျှင် နောက်တပင်သို့ တက်ပြန်သည်။

ဤသို့ဖြင့် သူသည် တပင်တက် တပင်ဆင်းဖြင့် အလုပ်များလျက် ရှိနေလေသည်။

မယ်သစ်နှင့် သူ့အမေ ဒေါ်ဒွေးတို့သည် ဦးအိုချထားခဲ့သော ပင်ခြေရင်းမှ ထန်းရည်အိုးများကို လိုက်လံ သိမ်းဆည်း၍ နေလေသည်။



ထိုအချိန်တွင် ပေါက်ကျော်နှင့် တောက်တဲ့တို့သည် သူတို့၏ အဖေ လွန်းပြေနှင့် အတူ ချောင်းကောက် တောစပ်သို့ လိုက်ပါ၍ ငုံး၊ ကြက်၊ ယုန်၊ ခါ အစရှိသော တောသတ္တဝါတို့ကို လိုက်လံ ဖမ်းဆီး၍ နေကြလေသည်။

သူတို့တွင် ထန်းလျှော်ဖြင့် ယက်လုပ်ထားသော ယုန်ထောင်ပိုက် တခုလည်း ပါ၏။

သူတို့အိမ်တွင် မွေးကျွေးထားသော နက်ကျားနှင့် လေးလုံးခွေးညီနောင်တို့ကလည်း သူတို့နှင့်အတူလိုက်ပါကာ တောချောက်ပေးသည်။

တောစပ် တခုလုံး လူသံ ခွေးသံများဖြင့် ဆူညံ၍ နေလေ၏။



ဒေါ်ဒွေးသည် ထန်းလျက်ဖိုကို ထန်းလက်ခြောက်များဖြင့် မီးထိုး၍ ပေးနေ၏။

ဦးအိုသည် ဖိုပေါ်မှ ထန်းလျက်ကြိုထားသော ဒယ်အိုးကြီးကို ယောက်မကြီး တချောင်းဖြင့် မွှေ၍ မွှေ၍ ပေးနေ၏။ မီးရှိန်ပူလှသောကြောင့် ရေငတ်ပြေစေရန် သူသည် ပင်ကျရေ အနည်းငယ်ကို မကြာခဏ ခပ်၍ ခပ်၍ သောက်၏။ သူ့ပါးစပ် တဝိုက်တွင် ထန်းရည်မြှုပ်များ လိမ်းကျံ၍ နေလေသည်။

မကြာမီပင် ပေါက်ကျော်သည် ယုန်သေတကောင်ကို နားရွက်မှ ဆွဲ၍ တဲဝသို့ ရောက်လာ၏။ သူ့နောက်တွင် နက်ကျားနှင့် လေးလုံးတို့ကလည်း တဝုတ်ဝုတ်ဟောင်ကာ ကပ်၍ ပါလာကြသည်။ လွန်းပြေသည် အိတ်ကြီး တလုံးကို ကျောတွင် ပိုးလာ၏။

ထို့နောက် ဖမ်းမိသော ယုန် ခါကြက်တို့ကို မယ်သစ်က အမွေးနှုတ် ရင်ခွဲ၍ ထက်စွာသော တံစို့များဖြင့် ထန်းလျက်ဖိုတွင် ကင်ထားလိုက်လေ၏။



မဝင်သ

စားတော့မည့

သူတို့၏ထမင်းပွဲ

ကြီးတွင် လက်ရေတပြင်စီး ဝိုင်းရံ၍ စားကြရသေး

သည်။

ပေါက်ကျော်နှင့်တောက်တဲ့တို့သည် ထမင်းပွဲတွင်အလုအယက် တိုးဝှေ့၍ နေကြ၏။ လွန်းပြေသည် ထမင်းပွဲသို့ မဝင်သာအောင် ပင် ဖြစ်နေသည်။ ထို့ကြောင့် ဒူးတဖက်ကို ထောင်၍ မယ်သစ်၏ နံဘေးကို တွန်းဖယ်ထောက်ထားကာ ထမင်းပွဲသို့ ကြပ်ကြပ်တည်း တည်း ဝင်စားရလေသည်။

သူတို့ ထမင်းစား၍ ပြီးကြသောအခါ ခွက်များကို နက်ကျား နှင့် လေးလုံးတို့က ပြောင်စင်အောင် လျက်လိုက်ကြလေ၏။

"ငှံ့လျက် ကိုယ်စီသာ၊ ဆုပ်ကာ လွေးတော့သည်၊ ပြီးလျှင် ရေမရှာ၊ ဒွေးသာကျွေးတော့သည်"။ ။